## Table of Contents


၁. Mobile Application ထည့်သွင်းခြင်း ....3

၂. အကောင့်ဖွင့်ခြင်း ....4

၂.၁ အကောင့်အသစ်ဖွင့်ခြင်း ....4

၃. Loginဝင်ရောက်ခြင်း ....9

၃.၁ Username /Email ဖြင့် Login ဝင်ခြင်း ....10

၃.၂ Phone number ဖြင့် Login ဝင်ရောက်ခြင်း ....11

၃.၃ Google အကောင့်ဖြင့်ဝင်ခြင်း ....14

၄. Profile ....16

၄.၁ Profile တွင် ပါဝင်သော အချက်အလက်များ ....17

၄.၂ Profile အချက်အလက်များကို ပြင်ဆင်ခြင်း ....18

၄.၂.၁ Password ပြင်ဆင်ခြင်း ....20

၄.၂.၂ ဖုန်းနံပတ် ပြင်ဆင်ခြင်း ....22

၄.၂.၃ Email ပြင်ဆင်ခြင်း ....25

၅. သင်ခန်းစာများ ရှာဖွေခြင်း ....28

၆. သင်တန်း စာရင်းသွင်းခြင်း ....33

၆.၁ Feature course စာရင်းသွင်းခြင်း ....33

၆.၂နှစ်သက်ရာ သင်တန်း စာရင်းသွင်းခြင်း ....35

၇. စာရင်းသွင်းထားသော သင်တန်းများ ပြန်လည်ကြည့်ရှုခြင်း ....38

၈. သင်ခန်းစာများ လေ့လာခြင်း ....39

၉. သင်တန်းပြီးဆုံးကြောင်း လက်မှတ် ထုတ်ယူခြင်း ....42

၁၀. စာကြည့်တိုက် (E-Library) ....................................................................................................45
၁၁. သတင်းနှင့်လှုပ်ရှားမှုများ....................................................................................................50
၁၂. More menu ....................................................................................................53

## ၁. Mobile Application ထည့်သွင်းခြင်း




၁။ Google play store ၏  search bar တွင် (Myanamar youth platform/ mmyouth platform) ဟု ရိုက်ထည့်၍ ဝင်ရောက်ပါ။

၂။ Application ကို install လုပ်ပါ။

# ၂. အကောင့်ဖွင့်ခြင်း

## ၂.၁ အကောင့်အသစ်ဖွင့်ခြင်း



၁။ အကောင့်ဖွင့်ရန်အတွက် Register ခလုတ်ကို နှိပ်၍ အကောင့်ဖွင့်ပါ။




Register
Enter your email address
Date of Birth
Select date
Country*
Select your country
Gender
Select your gender
Where did you hear about this platform?
Facebook
TikTok
Youtube
Other
I have special needs
I agree to the Terms of Service
Read the Terms and Conditions
Register
8
9
10
11
12
13
14







၁။ User Name - မိမိ အသုံးပြုလိုသည့် အမည်ကို ရိုက်ထည့်ပါ (စာလုံးနှင့် ဂဏန်းများသာ သုံးရပါမည်)။

၂။ Full Name - မိမိ၏ အမည်ရင်းကို ရိုက်ထည့်ပါ (ဤအမည်သည် သင်တန်းဆင်းလက်မှတ်နှင့် Profile တွင် ပေါ်လာမည်ဖြစ်သည်)။

၃။ Password နေရာတွင် မိမိအသုံးပြုမည့် စကားဝှက်ကို ရိုက်ထည့် ပါ။

၄။ Confirm Password နေရာတွင် မိမိ ရိုက်ထည့်ပြီးသော စကားဝှက်ကို ထပ်မံ အတည်ပြုပါ။

၅။ အကောင့်အတည်ပြုရန်အတွက် Email သို့မဟုတ် Phone ကို ရွေးချယ်ပါ။

၆။ Email ဖြင့် အတည် ပြုလို ပါက မိမိ ၏ ကိုယ်ပိုင် email address ကို ထည့်သွင်း ပေးပါ။

(သို့မဟုတ်)

၇။ ဖုန်းနံပါတ်ဖြင့် အတည်ပြုလိုပါက နိုင်ငံကုဒ် (ဥပမာ - မြန်မာ (+95 ) သို့မဟုတ် ထိုင်း (+66) ) ကို ရွေးချယ်ပြီး ဖုန်းနံပါတ် ရိုက်ထည့်ပါ။

၈။ Date of Birth - မိမိ၏ မွေးသက္ကရာဇ် (လ/ရက်/ခုနှစ်) ကို ဖြည့်ပါ။

၉။ Country  - မိမိနေထိုင်ရာ နိုင်ငံ ကို ရွေးချယ်ပါ။

၁၀။ Gender - ကျား/မ ကို ရွေးချယ်ပါ။

၁၁။ Platform Information- Application ကို မည်သည့်နေရာမှတစ်ဆင့် (Facebook, TikTok, YouTube စသည်) သိရှိခဲ့သနည်းဆိုသည်ကို ရွေးချယ်ပေးပါ။

၁၂။ Special Needs - အထူးကူညီပံ့ပိုးမှုကို လိုအပ်ပါက special Needs ကိုရွေးပါ။

၁၃။ Terms of Services - ဝန်ဆောင်မှု အသုံးပြုခြင်း သဘောတူညီပါက Terms of services agreement  အကွက်လေးကို အမှန်ခြစ်ပေးပါ။

၁၄။ အားလုံးပြည့်စုံပါက "Register" ခလုတ်ကို နှိပ်ပါ။ SMS (or) Email ဖြင့် OTP ကုဒ် ရောက်လာပါလိမ့်မည်။

၁၅။ ရရှိလာသော ကုဒ်နံပါတ်ကို "Add OTP" အကွက်တွင် ရိုက်ထည့်ပါ။

၁၆။ Submit ကို နှိပ်ပါ။

# ၃. Loginဝင်ရောက်ခြင်း




Login စာမျက်နှာတွင် မိမိအဆင်ပြေရာ နည်းလမ်း (၃) မျိုးဖြင့် ဝင်ရောက်နိုင်ပါသည်။

**နည်းလမ်း (၁)** - Username/Email Address ဖြင့်ဝင်ခြင်း:

မိမိ၏ Email သို့မဟုတ် အသုံးပြုသူအမည်နှင့် Password ကို ရိုက်ထည့်၍ "Login" ကို နှိပ်ပါ။

**နည်းလမ်း (၂)** - Phone Number ဖြင့်ဝင်ခြင်း:

"Phone Number Login" ခလုတ်ကို နှိပ်၍ မိမိဖုန်းနံပါတ်ဖြင့် ဝင်ရောက်ပါ။

**နည်းလမ်း (၃)** - Google အကောင့်ဖြင့်ဝင်ခြင်း:

"Sign in with Google" ကို နှိပ်၍ မိမိ၏ Gmail အကောင့်ဖြင့် တိုက်ရိုက်ဝင်ရောက်နိုင်ပါသည်။

## ၃.၁ Username /Email ဖြင့် Login ဝင်ခြင်း



၁။ မိမိ၏ Email သို့မဟုတ် အသုံးပြုသူအမည် ထည့်ပါ။

၂။ မိမိ၏ Password ထည့်ပါ။

၃။ Login ကို နှိပ်ပါ။

## ၃.၂ Phone number ဖြင့် Login ဝင်ရောက်ခြင်း





+95 ▾ 2

Get OTP 3

Today 10:46 AM

Number changed to U9 eSIM

(MM Youth) Your MyP verification code is: 972294. Valid for 5 minutes. 4

+ Text Message • SMS



Add OTP

5

Submit 6

၁။ Phone Number Login ခလုတ်ကို နှိပ်ပါ။

၂။ မိမိ ဖုန်းနံပတ်ကို ထည့်ပါ။

၃။ Get OTP ကို နှိပ်ပါ ။

၄။ SMS ဖြင့် OTP ကုဒ် ရောက်လာပါလိမ့်မည်။

၅။ ရရှိလာသော ကုဒ်နံပါတ်ကို "Add OTP" အကွက်တွင် ရိုက်ထည့်ပါ။

၆။ Submit ကို နှိပ်ပါ။

## ၃.၃ Google အကောင့်ဖြင့်ဝင်ခြင်း






၁။ Google Login ဆိုသည့် ခလုတ်ကို နှိပ်ပါ။

၂ ။ မိမိအသုံးပြုလိုသော Google အကောင့်ကို ရွေးချယ်ပေး ၍ အသုံးပြုနိုင်ပါသည်။

## ၄. Profile




၁။ Application ၏ ဘယ်ဘက်အပေါ်ထောင့်ရှိ မိမိ၏ Profile ပုံ (အဝိုင်းပုံစံလေး) ကို နှိပ်၍ ဝင်ရောက်နိုင်ပါသည်။

## ၄.၁ Profile တွင် ပါဝင်သော အချက်အလက်များ




Profile တွင် မိမိ၏ အမည်ရင်း၊ နိုင်ငံ၊ မြို့နယ်၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ အစရှိသည်တို့ကို ဖော်ပြထားသည်။

## ၄.၂ Profile အချက်အလက်များကို ပြင်ဆင်ခြင်း




၁။ Profile ကို ပြင်ဆင်လိုပါက Edit Profile ကို နှိပ်၍ မိမိ၏ ကိုယ်ရေးအချက်အလက်များ အသစ်လဲလှယ်လိုပါက (သို့မဟုတ်) မှားယွင်းနေပါက ပြင်ဆင်နိုင်ပါသည်။







၁။ မိမိ ပြောင်းလဲလိုသော အချက်အလက်ကို ပြင်ဆင်ပြီးလျှင် Update ခလုပ်ကို နှိပ်ပါ။

၄.၂.၁ Password ပြင်ဆင်ခြင်း









၁။ User profile ရှိ change password သို့ ဝင်ပါ။

၂။ ယခင် စကားဝှက် အဟောင်းကို ရိုက်ထည့်ပါ။

၃။ မိမိ ပြောင်းလဲချင်သော စကားဝှက် အသစ် ကို ရိုက်ထည့်ပါ။

၄။ Confirm Password နေရာတွင် မိမိ ရိုက်ထည့်ပြီးသော စကားဝှက်ကို ထပ်မံ အတည်ပြုပါ။

၅။ Change password ခလုပ်ကို နှိပ်၍ စကားဝှက်အသစ် ပြောင်းလဲခြင်းကို အတည်ပြုပါ။

## ၄.၂.၂ ဖုန်းနံပတ် ပြင်ဆင်ခြင်း




Change Phone
Current Phone Number
New Phone Number
Enter new phone number
Change Phone
2
3
Text Message • SMS
Today 2:12 PM
[MM Youth] Your MyP verification code is: 356937. Valid for 5 minutes.
4




၁။ User profile ရှိ change phone number သို့ ဝင်ပါ။

၂။ မိမိ၏ အကောင့်တွင် အသုံးပြုထားသော ဖုန်းနံပတ်ကို ပြောင်းလဲလိုပါက Enter New Phone Number နေရာတွင် ပြောင်းလဲလိုသည့် ဖုန်းနံပတ် ကို ထည့်ပါ။

၃။ Change Phone ခလုပ်ကို နှိပ်ပါ။

၄။ မိမိ၏ SMS သို့ MM Youth မှ ပေးပို့လာသော ဂဏန်း (၆) လုံးပါသည့် Verification Code ရောက်လာပါမည်။

၅။ ရရှိလာတဲ့ ကုဒ်နံပါတ်ကို Enter OTP Code အကွက်မှာ ရိုက်ထည့်ပါ။

၆။ Submit ကို နှိပ်ပါ။

### ၄.၂.၃ Email ပြင်ဆင်ခြင်း




Change Email
Current Email Address
[redacted]
New Email Address
Enter new email address
Change Email
2
3


Confirm OTP
We have sent a 6-digit verification code to your new email address
[redacted]@gmail.com
Enter OTP Code
Didn't receive the code?
Resend code in 4:52
Submit
4
5

၁။ Change Email ကို နှိပ်ပါ။

၂။ မိမိ၏ အကောင့်တွင် အသုံးပြုထားသော အီးမေးလ်ကို ပြောင်းလဲလိုပါက New Email Address နေရာတွင် ပြောင်းလဲလိုသည့် Mail ကို ထည့်ပါ။
၃။ Change Email ကို နှိပ်ပါ။

၄။ မိမိရဲ့ Email Inbox  MM Youth မှ ပေးပို့လာသော ဂဏန်း (၆) လုံးပါသည့် Verification Code ရောက်လာပါမည်။ ရရှိလာတဲ့ ကုဒ်နံပါတ်ကို Enter Code အကွက်မှာ ရိုက်ထည့်ပါ။

၅။ Submit ကို နှိပ်ပါ။

## ၅. သင်ခန်းစာများ ရှာဖွေခြင်း





Welcome
PhooMyat Thazin
Most Popular
View All ›
ဒစ်ဂျစ်တယ်ကွန်းတန့်ဖန်တီးခြင်း
ဒစ်ဂျစ်တယ်ကွန်းတန့်ဖန်တီးခြ...
2267
09-06-2024
ပရိုဂရမ်းမင်း (P
1655
09
Categories
Digital Literacy
Financial Literacy
Personal Development
Career Development
Health & Well-Being
Language
Entrepreneurship
Vocational & Livelihood
Home
Courses
E-Library
My Courses
More
2
3


E-Learning
Digital Literacy
Financial Literacy
Personal Development
Career Development
Health & Well-Being
Language
Entrepreneurship
Vocational & Livelihood
Home
Courses
E-Library
My Courses
More
4




၁။ Home စာမျက်နှာ မှ တစ်ဆင့် ဖော်ပြထားသော most popular သင်ခန်းစာများကို ဝင်ရောက် လေ့လာနိုင်ပါသည်။

၂။ သင်ခန်းစာများအား အမျိုးအစားအလိုက် ကြည့်လိုပါက ့့home စာမျက်နှာ အောက်ဆုံးတွင် ကြိုက်နှစ်သက်ရာ အမျိုးအစားကို နှိပ်ပါ။

(သို့မဟုတ်)

၃။ Menu bar တွင် courses ခလုပ်ကို နှိပ်ပါ။

၄။ E-learning စာမျက်နှာ တွင်  ကြိုက်နှစ်သက်ရာ သင်ခန်းစာ အမျိုးအစားကို နှိပ်၍ ရွေးချယ်နိုင်ပါသည်။

၅။ ကြိုက်နှစ်သက်ရာ အစဉ်လိုက်ပုံစံ အမျိုးမျိုးကို ရွေးချယ်နိုင်ပါသည်။

၆။ Apply ခလုပ်ကို နှိပ်ပါ။

# ၆. သင်တန်း စာရင်းသွင်းခြင်း

## ၆.၁ Feature course စာရင်းသွင်းခြင်း









၁။ Home page တွင် ဖော်ပြထားသော feature course မှ Enroll me ခလုပ်အားနှိပ်ပါ။

၂။ သင်တန်းစာရင်း သွင်းကြောင်း အတည်ပြုပါ။

၃။ မိမိ enroll ပြုလုပ်လိုက်သော သင်တန်းအား ကြည့်ရှုနိုင်ရန် Go to course ခလုပ်ကို နှိပ်ပါ။

## ၆.၂နှစ်သက်ရာ သင်တန်း စာရင်းသွင်းခြင်း




၁။ Menu bar တွင် courses ခလုပ်ကို နှိပ်ပါ။




၂။ ကြိုက်နှစ်သက်ရာ သင်တန်း တစ်ခုကို ရွေးပါ။




၃။ Enroll Me ကို နှိပ်ပါ။




၄။ မိမိ enroll ပြုလုပ်လိုက်သော သင်တန်းအား ကြည့်ရှုနိုင်ရန် Go to course ခလုပ်ကို နှိပ်ပါ။

# ၇. စာရင်းသွင်းထားသော သင်တန်းများ ပြန်လည်ကြည့်ရှုခြင်း




၁။ မိမိစာရင်းသွင်းထားသော သင်တန်းများ အား ပြန်လည် ကြည့်ရှုလိုပါက Menu တွင်ရှိသော My Courses ကိုနှိပ်ပြီး ပြန်လည် ကြည့်ရှုနိုင်ပါသည်။

# ၈. သင်ခန်းစာများ လေ့လာခြင်း




၁။ သင်တန်းထဲသို့ ရောက်ရှိသွားပါက အောက်ပါအတိုင်း သင်ခန်းစာ အပိုင်းများကို တွေ့မြင်ရမည်ဖြစ်ပြီး မိမိလေ့လာပြီးစီးမှုကို ရာခိုင်နှုန်းဖြင့် တွေ့ရမည်။ သင်တန်းတွင် ပါဝင်သော သင်ခန်းစာများ သို့မဟုတ် အချက်အလက်များ အားလုံးကို လေ့လာနိုင်ပါသည်။ သင်ခန်းစာများကို လေ့လာရာတွင် section တစ်ခုပြီး တစ်ခု လေ့လာသွားရမည်ဖြစ်သည်။




၂။ သင်ခန်းစားများ အားလုံး ၁၀၀ ရာခိုင်နှုန်းပြီးသွားပါက review / ration ပေးနိုင်မည်ဖြစ်ပါသည်။




၃။ သင်ခန်းစာ လေ့ကျင့်ခန်းများ တစ်ခုမှ နောက်တစ်ခုသို့ သွားချင်လျှင် Next နှိပ်ပြီး ၊ နောက်သို့ ပြန်သွားချင်လျှင် Previous ကို နှိပ်ပါ။

## ၉. သင်တန်းပြီးဆုံးကြောင်း လက်မှတ် ထုတ်ယူခြင်း




၁။ သင်ခန်းစားများ အားလုံး လေ့လာသင်ယူပြီးပါက နောက်ဆုံးတွင်ပေါ်လာသော Certificateကို နှိပ်ပါ။




၂။ သင်တန်းပြီးဆုံးကြောင်းလက်မှတ်ထုတ်ယူရန်ကို နှိပ်ပြီး ထုတ်ယူနိုင်ပါသည်။




၃။ ဖိုင်ကို download လုပ်ပြီးနောက် မိမိ နှစ်သက်ရာ app ဖြင့် ရွေးချယ်၍ ဖွင့်နိုင်ပါသည်။




၄။ မိမိ၏ သင်တန်းပြီးဆုံးကြောင်းလက်မှတ်ကို pdf ဖိုင် အဖြစ် သိမ်းဆည်းပြီး ဖြစ်ပါသည်။

## ၁၀. စာကြည့်တိုက် (E-Library)




၁။ E-Library တွင် လေ့လာရန် Menu မှ E-Library ကို နှိပ်ပါ။




၂။ စာကြည့်တိုက်တွင် Content များကို အမျိုးအစားအလိုက်ကြည့်ရှုရန် သက်ဆိုင်ရာ အမျိုးအစားကို ရွေးပါ။




၃။ သင်တန်းအမျိုးအစားအလိုက်ကြည့်ရှုရန်ရွေးပါ။

၄။ ကြိုက်နှစ်သက်ရာ အစဉ်လိုက်ပုံစံ အမျိုးမျိုးကို ရွေးချယ်နိုင်ပါသည်။

၅။ Apply ခလုပ်ကို နှိပ်ပါ။




၆။ အသေးစိတ် ဝင်ရောက် ကြည့်ရှုလိုပါက Readကို နှိပ်ပါ။

## မိမိအရည်အချင်းကို မြှင့်တင်ခြင်း

# မိမိအရည်အချင်းကို မြှင့်တင်ခြင်း

နည်းပညာတွေ၊ ဆန်းသစ်တီထွင်မှုတွေနဲ့ပြောင်းလဲတိုးတက်နေတဲ့ဒီခေတ်ကြီးမှာ နည်းပညာရပ်ပိုင်းလိုအပ်ချက်တွေဟာလည်း အမြဲပြောင်းလဲနေတာကြောင့် အရည်အချင်းတွေ၊ ကျွမ်းကျင်မှုအသစ်တွေကို အမြဲဖြည့်ဆည်းထားဖို့ အရေးကြီးလာပါတယ်။ နည်းပညာနဲ့ လိုအပ်တဲ့ကျွမ်းကျင်မှုတွေကိုစဥ်ဆက်မပြတ်လေ့လာနေခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့အခွင့်အလမ်းတွေကိုရရှိစေပါတယ်။

- Artificial Intelligence လို့ခေါ်တဲ့ဉာဏ်ရည်တုနည်းပညာနဲ့ဒစ်ဂျစ်တယ်နည်းပညာအသွင်ပြောင်းလဲလာမှုတွေက စက်မှုလက်မှုလုပ်ငန်းနယ်ပယ်ကြီးတစ်ခုလုံးကို ပြန်လည်ပုံဖော်လာရုံသာမက နေ့စဥ်လူနေမှုပုံစံတွေကိုပါ ရိုက်ခတ်လာပါတယ်။



- ထိုနည်းပညာပိုင်းဆိုင်ရာပြောင်းလဲမှုတွေကြောင့် ကျွမ်းကျင်မှုအသစ်၊ လုပ်ငန်းရာထူးအသစ် 69 သန်းအထိ ထွက်ပေါ်လာနိုင်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်ကဖော်ပြထားပါတယ်။ (www.forbes.com)




- မိမိက မလေ့လာထားမိသူဆိုရင် နောက်ကျကျန်ရစ်ခဲ့ပြီး အနာဂါတ်လုပ်ငန်းခွင်မှာ ဝင်ဆံ့ဖို့ အခက်အခဲတွေ ကြုံတွေ့နိုင်မှာ ဖြစ်ပါတယ်။




အရည်အချင်း (သို့မဟုတ်) ကျွမ်းကျင်မှုတွေကို အမြဲဖြည့်ဆည်းထားဖို့ (upskilling)က စကားပြောသက်သက်မဟုတ်ဘဲ—အနာဂတ်မှာရှင်သန်ရပ်တည်ဖို့ မရှိမဖြစ်လိုအပ်လာတဲ့ နည်းဗျူဟာတစ်ခုဖြစ်ပါတယ်။



## ဘာတွေကို လေ့လာသင့်သလဲ။?

အဖြေက သင့်ရဲ့ ရည်မှန်းချက်နဲ့ လုပ်ငန်းအပေါ် မူတည်ပါတယ်။
များသောအားဖြင့် ကျွမ်းကျင်ဖို့လိုအပ်တဲ့နယ်ပယ်တွေကတော့-

**(၁) ဒီဂျစ်တယ်အတတ်ပညာ**

# ၁၁. သတင်းနှင့်လှုပ်ရှားမှုများ




၁။ သတင်းနှင့်လှုပ်ရှားမှုများ အကြောင်းကိုသိရှိလိုပါက Menu bar တွင် More ခလုပ်ကို နှိပ်ပါ။

၂။ News and events ခလုပ်ကို နှိပ်ပါ။




၃။ သက်ဆိုင်ရာ သတင်းနှင့် လှုပ်ရှားမှုများကို နှိပ်ပြီး ကြည့်ရှုနိုင်ပါသည်။

## News And Events




# လူငယ်ထုကို အခြေပြု၍ စိတ်ပိုင်းဆိုင်ရာ သန်မာမှု တည်ဆောက်ခြင်း

မင်္ဂလာပါရှင့်။

"လူငယ်ထုကို အခြေပြု၍ စိတ်ပိုင်းဆိုင်ရာ သန်မာမှု တည်ဆောက်ခြင်း (Building Hope and Resilience: Youth-Centric Psychosocial Strategies.) Webinar ကို တက်ရောက်ရန် စာရင်းသွင်းမှု အောင်မြင်ကြောင်း ဝမ်းမြောက်စွာ အကြောင်းကြားပါတယ်ရှင့်။ အောက်ပါ Zoom Link မှ တဆင့် မေလ (၂၅) ရက်နေ့ မနက် (၉) နာရီခွဲအချိန်တွင် ဝင်ရောက်နိုင်မှာဖြစ်ကြောင်း အကြောင်းကြားလိုက်ပါတယ်ရှင့်။

Topic: Building Hope and Resilience: Youth-Centric Psychosocial Strategies
Time: May 25, 2025 09:30 AM Asia/Yangon

Join Zoom Meeting
https://us06web.zoom.us/j/83183055523?pwd=roeYsbmfSNZqx7WWxQqR7aWbxNOmuM.1

Meeting ID: 831 8305 5523


## News And Events

Youth-Centric Psychosocial Strategies.) Webinar ကို တက်ရောက်ရန် စာရင်းသွင်းမှု အောင်မြင်ကြောင်း ဝမ်းမြောက်စွာ အကြောင်းကြားပါတယ်ရှင့်။ အောက်ပါ Zoom Link မှ တဆင့် မေလ (၂၅) ရက်နေ့ မနက် (၉) နာရီခွဲအချိန်တွင် ဝင်ရောက်နိုင်မှာဖြစ်ကြောင်း အကြောင်းကြားလိုက်ပါတယ်ရှင့်။

Topic: Building Hope and Resilience: Youth-Centric Psychosocial Strategies
Time: May 25, 2025 09:30 AM Asia/Yangon

Join Zoom Meeting
https://us06web.zoom.us/j/83183055523?pwd=roeYsbmfSNZqx7WWxQqR7aWbxNOmuM.1

Meeting ID: 831 8305 5523

Passcode: myptwm

*** Awareness for Youth We Share,
Myanmar Youth Platform is there.

*** လူငယ်တွေ အသိကြွယ်စေကြောင်း
အားလုံးအတွက် Myanmar Youth Platform

Date
**Sunday, May 25, 2025**

Time
**9:30 AM - 12:30 PM**

Location
**zoom**

## ၁၂. More menu




App အတွင်းရှိ more menu တွင် အောက်ပါ လုပ်ဆောင်ချက်များကို နှိပ်၍ သက်ဆိုင်ရာအချက်အလက်များကို ကြည့်ရှုနိုင်ပါသည်။

၁။ About

App အကြောင်း အကျဉ်းချုပ် နှင့် core values အချက်အလက်များ ကို ကြည့်ရှု နိုင်ပါသည်။

၂။ FAQs

အသုံးပြုသူများ မကြာခဏ မေးလေ့ရှိသော မေးခွန်းများနှင့် အဖြေများကို ကြည့်ရှုနိုင်သည်။

၃။ Terms and conditions

App အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖတ်ရှုနိုင်သည်။

အသုံးပြုသူများ လိုက်နာရမည့် rules များ ပါဝင်သည်။

၄။ Privacy policy

အသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များကို မည်သို့ စုဆောင်း၊ အသုံးပြု၊ ကာကွယ်ထားသည်ကို ဖော်ပြထားသည်။

၅။ Settings

App settings များကို ပြင်ဆင်နိုင်သည်။

- Dark mode ပြောင်းခြင်း
- User Log out

၆။ User Deletion

အသုံးပြုသူ account ကို ဖျက်ရန် အသုံးပြုသည်။